အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**
**ထုတ်ပြန်ကြေညာချက်**

ရက်စွဲ - ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၂) ရက်နေ့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ၁၉၉၉ ခုနှစ်၊ စတင်ဖွဲ့စည်းခဲ့ချိန်မှစပြီး တန်းတူရေးနှင့် တရားမျှတရေးကို ဖော်ဆောင်မည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ တည်ဆောက်နိုင်ရေး အတွက် အစဉ်တစိုက် ရပ်တည်လုပ်ဆောင်ခဲ့သည့် အမျိုးသမီးနိုင်ငံရေးအဖွဲ့အစည်း တစ်ခု ဖြစ်သည်။

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် မိမိတို့အဖွဲ့ချုပ်အနေဖြင့် အခြားသော တော်လှန်ရေး အင်အားစုများ ဖြစ်သည့် အမျိုးသမီးအင်အားစု၊ သပိတ်အင်အားစု၊ လူငယ်၊ လူမျိုးပေါင်းစုံ တော်လှန်ရေး အင်အားစု စသည်တို့နှင့် အတူတကွ ယှဉ်တွဲလုပ်ဆောင်လျက်ရှိသည်။ ထို့အတူ မိမိတို့လိုလားသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးနှင့် စပ်လျဉ်းပြီး အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ **"နိုင်ငံရေးကြေညာစာတမ်း"** ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

**"စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အတူအကွ လက်တွဲတော်လှန်တိုက်ပွဲဝင်နေကြသည့် အဖွဲ့များ၏ ဘုံသဘောထားရပ်တည်ချက်အား ထုတ်ပြန်ကြေညာခြင်း"** ပူးတွဲထုတ်ပြန်ကြေညာသော ကြေညာချက်ပါ ဦးတည်ချက်၊ ရပ်တည်ချက်သည် မိမိတို့အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ နိုင်ငံရေးကြေညာစာတမ်းနှင့် ကွဲလွဲမှုမရှိသည့်အပေါ် မိမိတို့အနေဖြင့် ဤဘုံသဘောထား ရပ်တည်ချက်အား ကြိုဆိုအပ်ပါသည်။

သို့သော် နိုင်ငံရေးဘုံသဘောထား ရပ်တည်ချက်ပါ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက် ရေးတွင် ဂျန်ဒါတန်းတူရေးအပါအဝင် အားလုံးတန်းတူရေး၊ အမျိုးသမီးနိုင်ငံရေး ကိုယ်စားပြုမှု၊ အမျိုးသမီး အင်အားစုများ၏ ပါဝင်မှုတို့ကို လုံးဝလျစ်လျူရှုထားခြင်းအပေါ် မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် စိတ်ပျက်မိပါသည်။ အမျိုးသမီးအင်အားစုနှင့် အခြားသော အင်အားစုများ၏ပါဝင်မှုကို လျစ်လျူရှု ကန့်သတ်သည့် ချဉ်းကပ်မှုသည် တော်လှန်ရေး၏ ကြွေးကြော်သံဖြစ်သည့် Intersectional Revolution နှင့် ဆန့်ကျင်ပြီး မိမိတို့တည်ဆောက်လိုသည့် ဖက်ဒရယ်ဒီမိုကရေစီ နှင့်လည်း ဆန့်ကျင်ကွဲလွဲသည်။

မိမိတို့ ဆင်နွဲတိုက်ပွဲဝင်လျက်ရှိသော လက်ရှိတော်လှန်ရေး၏ နိုင်ငံရေးမျှော်မှန်းချက်၊ ရပ်တည်ချက်နှင့် လုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် အရေးကြီးသည့်အခန်းကဏ္ဍများ ဖြစ်သော

ဂျဲန်ဒါတန်းတူရေး၊ အမျိုးသမီးပါဝင်ရေးနှင့် အမျိုးသမီးနိုင်ငံရေးကိုယ်စားပြုမှု စသည်တို့ကို စုံလင်ကွဲပြားသော ပါဝင်မှုအလုံးစုံဖြင့် စနစ်တကျလုပ်ဆောင်သွားရန် လိုအပ်သည်။ ဂျဲန်ဒါတန်းတူရေးကို မြှင့်တင်ဖော်ဆောင်ပေးမည့်မူဝါဒများ၊ စနစ်များကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့်အတူ အမျိုးသမီးပါဝင်မှုနှင့် နိုင်ငံရေးကိုယ်စားပြုမှုတို့အား လက်တွေ့လုပ်ဆောင်ခြင်းဖြင့် ခိုင်မာသည့် ပြည်ထောင်စုနိုင်ငံတည်ဆောက်မှုဖြစ်မည်ဟု မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ အခိုင်မာယုံကြည်ပါသည်။

ထို့ကြောင့် ဖက်ဒရယ်ဒီမိုကရေစီမူကို ယုံကြည်လက်ခံထားကြသော တော်လှန်ရေးအင်းအားစု အသီးသီးတို့သည် တန်းတူရေးကို အလေးအနက်ထားပြီး အမျိုးသမီးများနှင့် အခြားအင်အားစုများ၏ ကိုယ်စားပြုမှု၊ ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်တိုင်းတွင် ပါဝင်မှုတို့ကို လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်ရန် မိမိတို့ အဖွဲ့ချုပ်အနေဖြင့် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မိမိတို့ထုတ်ပြန်ပြီးဖြစ်သည့် နိုင်ငံရေးကြေညာစာတမ်းအတိုင်း မိမိတို့ နိုင်ငံရေးဘုံရည်မှန်းချက်နှင့် ရပ်တည်ချက်များတူညီသော မည်သည့်တော်လှန်ရေးအင်းအာစုအဖွဲ့နှင့် မဆို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် မိမိတို့နိုင်ငံနှင့် လူ့အဖွဲ့စည်းအတွင်း အမြစ်စွဲနေသည့် ဖိုဝါဒကြီးစိုးမှုစနစ် ပပျောက်ရန်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အခန်းကဏ္ဍအသီးသီးတွင် တန်းတူရေး အမှန်တကယ် ရှိလာစေရန်အတွက် အစဉ်တစိုက် ကြိုးစားအားထုတ်သွားမည်ဖြစ်ကြောင်း ထပ်လောင်း ကတိပြုအပ်ပါသည်။

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**